# ကျွန်ုပ်၏ အသက်ကယ်ဗော့

By Stellaris Jade

ကျွန်ုပ်ပိုင်ဆိုင်သမျှ ပစ္စည်းထဲတွင် တန်ဖိုးအထားဆုံးပစ္စည်းဖြစ်သည့် အသက်ကယ်ဗော့တစ်ခု အကျွန်ုပ်တွင် ရှိပါသည်။ ပင်လယ်ပြင်တွင် ရွက်လွှင့်ခရီးနှင်ရစဉ် ကျွန်ုပ်သည် မိုးကုပ်စက်ဝိုင်းတွင် မုန်တိုင်းအရှိန်ယူအစပျိုးနေသည်ကို အကြိမ်ပေါင်းများစွာ ကြည့်ခဲ့ရဘူးပါသည်။ ကျွန်ုပ်သည် အသက်ကယ်ဗော့ကို ဖမ်းကိုင်ပြီး သေသေချာချာချည်ထားပါသည်။ ထို့နောက် မခံနိုင်လောက်အောင် ရုတ်ခြည်း လေပြင်းထန်စွာ တိုးဝှေ့လာမှုကို ရင်ဆိုင်ရန် ကျွန်ုပ်ကိုယ်ကို ကျွန်ုပ်မြဲအောင် ထိန်းထားလိုက်ပါသည်။



မုန်တိုင်းတိုက်ခတ်လာသောအခါ ကျွန်ုပ်၏ ရေယာဉ်သည် ဒေါသကြီးနေသော လှိုင်းများ၏ ပုတ်ခတ်ခြင်းကို ခံလိုက်ရပါသည်။ ထိုလှိုင်းများက ကျွန်ုပ်အား ဖုံးလွှမ်း၍ နစ်မြုပ်အောင် ခြိမ်းခြောက်ပါသည်။ သို့သော် ကျွန်ုပ်၏ အသက်ကယ်ဗော့ဖြင့် အသက်ရှင် ကျန်ရစ်မည်ဆိုသည်ကို ကျွန်ုပ်သိပါသည်။ မဟုတ်ပါ။ အသက်ရှင်ကျန်ရစ်သည်ထက် ပိုပါသေးသည်။ ကျွန်ုပ်သည် တစ်ဖန် ပြန်ထလာပါဦးမည်။ လှိုင်းများ ရိုက်ခတ်၍ ပွန်းပဲ့ဒဏ်ရာ ရကောင်းရနိုင်ပါသည်။ သို့သော် အောင်မြင်ခြင်းနှင့်သာဖြစ်သည်။

တစ်ခါတစ်ရံ မုန်တိုင်းသည် ကျွန်ုပ်၏ အနောက်ဖက်မှ တိတ်တဆိတ် ချဉ်းကပ်လာပါသည်။ အလစ်တွင် ဒေါသတကြီး အရှိန်ပြင်းစွာ တိုက်ခံရပါသည်။ ကျွန်ုပ်၏ လှေမှောက်ပြီး ရေခဲတမျှ အေးသောရေအတွင်းသို့ ပစ်ချခြင်း ခံရပါသည်။ ကျွန်ုပ် ရေမွန်းသွားပြီး ဗလုံးဗထွေးနှင့် အသက်ကို အလုအယက် ရှူနေရင်းက ကျွန်ုပ်သည် ဝဲကတော့အတွင်းသို့ ရောက်သွားသည်ကို တွေ့ရပါသည်။ ကျွန်ုပ်ရုန်းကန်လေလေ ရေဝဲက ကျွန်ုပ်ကို တင်းကျပ်စွာ ဆုပ်ကိုင်လေလေဖြစ်သည်။

ကျွန်ုပ်တစ်ဦးတည်း အကူအညီမဲ့လျက် လက်မြှောက်အရှုံးပေးရတော့ပါမည်။ အဆုံးသတ်အချိန်ကို စောင့်နေရပါသည်။ အရည်ပျော်သည့် ဖယောင်းတိုင်ကဲ့သို့ မျှော်လင့်ချက် အလင်းရောင်ကလေး ရိပ်ကနဲ ပေါ်လာပါသည်။ ကျွန်ုပ်သည် နောက်ဆုံးအကြိမ် ရေထဲသို့ နစ်သွားစဉ် မုန်တိုင်းအပေါ်မှ အသံတစ်ခုပေါ်လာသည်မှာ "အသက်ကယ်ဗော့ကို မြဲမြဲ ဆုပ်ကိုင်ထားပါ။ မင်းရဲ့တစ်ခုတည်းသော မျှော်လင့်ချက်ပဲ"။

အမှောင်ထုထဲ၌ အားစိုက်လွန်း၍ မျက်စိညောင်းလာပါသည်။ ရေပေါ်၌ တစ်စုံတစ်ရာ ပေါလောမျောလာသည်ကို ရိပ်ခနဲ မြင်လိုက်ရပါသည်။ ကျွန်ုပ်အလိုအပ်ဆုံးအချိန်မှာပင် အနားတွင် အမြဲတမ်းရှိသည့် ကျွန်ုပ်၏ အသက်ကယ်ဗော့ပင်ဖြစ်သည်။ ကျွန်ုပ်သည် ကိုယ်တွင် မြဲမြံစွာချည်၍ ချက်ခြင်းရေထဲတွင် မျောလိုက်ပါသည်။

အမှောင်ထုသည် ကျွန်ုပ်အား ကြီးစိုးနေဆဲဖြစ်သည်။ ပင်လယ်ပြင်သည်လည်း အမြုပ်တဖွေးဖွေးဖြင့် တိုက်ခတ်လှုပ်ရှားနေဆဲဖြစ်ပြီး ဒေါသတကြီးနှင့် လှိုင်းလုံးများက ကျွန်ုပ်ကို ရေအောက်ထဲသို့ ဆွဲချရန် ခြိမ်းခြောက်နေဆဲဖြစ်သည်။ မိုးသည် ဆက်လက်ရွာသွန်း၍ ကျွန်ုပ်ပါးပြင်သည် စပ်ဖျဉ်းဖျဉ်းဖြစ်နေပါသည်။ သို့သော် ကျွန်ုပ်သည် ရေပေါ်သို့တဖန် ပြန်ပေါ်လာသည်။ ကျွန်ုပ်၏ အသက်ကယ်ဗော့၌ စိတ်ချယုံကြည်မှုရှိသည်ကို အပြည့်အဝ ယုံကြည်ကိုးစားခြင်းဖြင့် ကျွန်ုပ်သည် မုန်တိုင်းစဲသည်အထိ စောင့်ဆိုင်းရန် ကျေနပ်အားရလျက်ရှိသည်။

ကျွန်ုပ်၏ အသက်ကယ်ဗော့၏ လျှို့ဝှက်ချက်မှာ အဘယ်နည်း? အဖြေမှာ ရှင်းရှင်းလေးပင်ဖြစ်၍ သင်သည် ယင်းကို အရေးမကြီးဟု သဘောထားခြင်း ဖြစ်ပေလိမ့်မည်။ သမ္မာကျမ်းစာအတွင်းမှ ကျမ်းပိုဒ်တစ်ပိုဒ်မှာ"ဘုရားသခင်ကို ချစ်သောသူတည်းဟူသော ကြံစည်တော်မူခြင်းအတိုင်း ခေါ်တော်မူသောသူတို့၏ အကျိုးကို ခပ်သိမ်းသောအရာတို့သည် တညီတညွတ်တည်း ပြုစုကြသည်ကို ငါတို့ သိကြ၏။ (ရောမ ၈း၂၈)

မုန်တိုင်းများ၊ မိုးနှင့်လေအပါအဝင် အရာခပ်သိမ်းသည် ကျွန်ုပ်တို့ ကောင်းဖို့အတွက်ဖြစ်သည်။ တစ်နေ့နေ့တွင် မည်သို့ပင်ဖြစ်စေ ကျွန်ုပ်သည် နားလည်လာပါလိမ့်မည်။

**ဝမ်းနည်းပူဆွေးခြင်းက**
**နောက်ပြန်လှည့်ကြည့်သည်။**
**ပူပန်သောကမှုက**
**နံဘေးပတ်လည်ကိုကြည့်သည်။**
**ယုံကြည်ခြင်းက**
**အထက်သို့ ကြည့်သည်။**

## စစ်ပွဲများထဲမှ ကောင်းချီးမင်္ဂလာများ
## Blessings From Battles

"ဘုရားသခင်ကို ချစ်သောသူတည်းဟူသော ကြံစည်တော်မူခြင်းအတိုင်း ခေါ်တော်မူသောသူတို့၏အကျိုးကို ခပ်သိမ်းသောအရာတို့သည် တညီတညွတ်တည်း ပြုစုကြသည်ကို ငါတို့သိကြ၏" (ရောမ ၈း၂၈)။ ဤကျမ်းပိုဒ်ကို သိရှိခြင်းဖြင့် နှစ်သိမ့်မှုကို ရရှိမည်မှာ ဧကန်အမှန်ပင်ဖြစ်သည်။ အမှန်အားဖြင့် ကျွန်ုပ်တို့၏ ဝဋ်ဆင်းရဲခြင်းများ အခက်အခဲများ စစ်ပွဲများနှင့် စုံစမ်းသွေးဆောင်ခြင်းများကို အောင်မြင်စွာကျော်ဖြတ်နိုင်ရန် အလို့ငှာ ဤသမ္မာကျမ်းစာပါ ကတိတော်ကို မိမိတို့ ဘဝအသက်တာ၏ အရေးကြီးသည့် အစိတ်အပိုင်းဖြစ်လာစေရန် မလွဲမသွေ ပြုရမည်။

ကျွန်ုပ်တို့၏ စိတ်ပျက်ဖွယ်ရာများ၊ ထိခိုက်နာကျင်မှုများ၊ စမ်းသပ်ခြင်းများ၊ နာမကျန်းမှုများ၊ စစ်ပွဲများ စသည်တို့ကို (ရောမ ၈း၂၈)၌ ကျွန်ုပ်တို့အား ဖော်ပြသော ရှုထောင့်အားဖြင့် ကျွန်ုပ်တို့သည် တစိုက်မတ်မတ် ရှုမြင်ရန် ပျက်ကွက်ခဲ့လျှင် ဘုရားသခင်မှ ကျွန်ုပ်တို့အား ကြိုးစား၍ သင်ကြားပေးသော၊ တန်ဘိုးရှိလှသော သင်ခန်းစာများကို ဝမ်းနည်းဖွယ်ရာ လက်လွှတ်ဆုံးရှုံးရမည်ဖြစ်သည်။ ထို့အပြင် ဤအဖိုးတန်သော ကတိတော်နှင့် အခြေခံသဘောတရားကို အကြွင်းမဲ့ ယုံကြည်ခြင်းဖြင့် ရရှိမည့် ငြိမ်သက်ခြင်းကို ကျွန်ုပ်တို့ဘာသာ ကျွန်ုပ်တို့ လက်လွှတ်လိုက်ရပေမည်။

အကယ်၍ ကျွန်ုပ်တို့သည် "ဒုက္ခ = ကောင်းကျိုး" ဟူသော ရိုးစင်းသည့် ညီမျှခြင်းကို သင်ယူလျှင် သင်၏ အသက်တာသည် ပို၍ ကြွယ်ဝလာမည်။ သင်၏သင်ခန်းစာသည်ပို၍ကျယ်ပြန့်လာမည်။ သင်၏စိတ်သည်ပို၍ငြိမ်သက်အေးချမ်းလာမည်။ သင့်ဘဝ၏ အဖြစ်အပျက်များတွင် ဘုရားသခင်၏ လက်ရာတော်ကို သင်သည်ပို၍လွယ်ကူစွာ သိရှိမှတ်မိလာနိုင်မည်ဖြစ်သည်။ ပြဿနာပေါင်းစုံ၊ စုံစမ်းနှောက်ယှက်ခြင်းများတိုက်ပွဲများ၊ ဘေးဒုက္ခများတို့ အဆိုးဆုံးအခြေအနေရောက်ရှိလာသည်၊ မိမိအနေနှင့်ထိုင်၍သာကြည့်နေမည်လား။ (သို့) ယင်းတို့ထဲမှ ဘုရားသခင်သည် မိမိသိသောကောင်းသည့်အရာအားလုံးအားယူဆောင်လာမည်ကို ရှာဖွေတွေ့ရှိရန် စောင့်ဆိုင်းနေခြင်းမှ ဖြစ်ပေါ်လာသည့် စိတ်လှုပ်ရှားခြင်းနှင့် စိန်ခေါ်ခြင်းတို့ဖြင့် ထိုအခြင်းအရာတို့ကို ကြည့်မည်လားဆိုသည့် အနေအထားနှစ်ခုတွင် ခြားနားချက်များစွာ ရှိနေပါသည်။

By Maria Fontaine